## ရွေးကောက်ပွဲမျက်နှာရှုးရောဂါ

၂၀၁၅ ရွေးကောက်ပွဲဟာ စစ်အုပ်စုအဖို့ အကျပ်အတည်း ကြီးတယ်။

မကျင်းပလို့လည်း မဖြစ်ဘူး။ အာဏာသိမ်းစစ်အစိုးရ မဟုတ်ကြောင်း ရွေးကောက်ခံ အစိုးရဖြစ်ကြောင်း သက်သေထူဖို့အတွက် ရွေးကောက်ပွဲကို မဖြတ်သန်းဘဲ (ရွေးကောက်ပွဲနဲ့ မလှည့်စားဘဲ) မရဘူး။ ရွေးကောက်ပွဲရှုံးရင် ၂၀၀၈ နာဂစ်၊ ၂၀၁၀ ကြိုတင်မဲ ဆိုတာတွေနဲ့ ရယူထားတဲ့ (ယုံကြည်ကိုးစားမှု မခံရသေးတဲ့) တရားဝင်မှုဆိုတာလည်း ပြန်လည်ပျောက်ဆုံး သွားလိမ့်မယ်။ လက်ဦးမှုလည်း မဲ့သွားမယ်။

လွတ်လပ်မျှတတဲ့ ရွေးကောက်ပွဲ တရားသဖြင့်ကျင်းပရင် စစ်အုပ်စုအဖို့ ရှုံးမှာပဲ။ စစ်ဗိုလ်တမတ်သား ၂၅% မဲ အကြောယူထားတာတောင် နိုင်ဖို့မလွယ်ဘူး။ လူထုကြီးက စစ်အာဏာရှင်စနစ်ကို တူးတူးခါးခါး မုန်းတီးနေရုံမက နိုးကြားထကြွလာနေတယ်။ လူထုဟာ နိုင်ငံရေးနလပိန်းတုံးတွေ မဟုတ်ဘူး။ ငုံ့ခံနေတာ မဟုတ်ဘူး။ ဒါ့အပြင် နိုင်ငံတကာကလည်း စောင့်ကြည့်နေတယ်။ အထူးသဖြင့် ကူညီအားပေး လှူဒါန်းနေတဲ့ အနောက်နိုင်ငံများက ရပ်ပျက်ဆင်းပျက်ဖြစ်မှာ၊ ရွေးကောက်ပွဲ မချောမွေ့မှာ စိုးရိမ်နေတယ်။

ဒါ့ကြောင့် ဖြောင်လိမ်ဖြောင်ညစ်ဖို့မလွယ်ဘူး၊ ခိုးကြောင်ခိုးဝှက်ညစ်ဖို့ ကြိုးစားမှာပဲ။ ညစ်ဖို့လည်း ယန္တရားပေါင်းစုံ၊ နည်းပေါင်းစုံ ပြင်ထားကြလိမ့်မယ်။ အကျယ်မပြောတော့ဘူး။

ဒါ့ထက်ပိုအဓိကကျတဲ့ အချက်က ၂၀၀၈ ဖွဲ့စည်းပုံကို အထိခိုက်ခံမှာမဟုတ်ဘူး။ ရွေးကောက်ပွဲပျက်ရင် ဒါ့မှမဟုတ် စစ်အုပ်ချုပ်ရေးပုံစံနဲ့ စစ်တပ်က အာဏာသိမ်းရင် ၂၀၀၈ လည်း လမ်းဆုံးပြန်ရောက်သွားလိမ့်မယ်။ စစ်အစိုးရဟာ သူတို့ခင်းလာတဲ့ စစ်တုရင်ခုံမှာပဲ အကျပ်အတည်း ဆိုက်နေလင့်ကစား ကစားကွက်ကို ပြောင်းလို့မရ ဖြစ်နေတယ်။ ဒီတော့ ညစ်တော့မယ်။ ညစ်စပြုတာတွေ ညစ်တော့မှာတွေ တွေ့နေရပြီ။

ဘယ်အထိညစ်မလဲ ဆိုတော့ ရွေးကောက်ပွဲပြီး လွှတ်တော်ခေါ် အစိုးရဖွဲ့ အာဏာလွှဲပြောင်းပြီးတဲ့အထိ ညစ်လိမ့်မယ်။ ၂၀၁၆ ဧပြီ ၁ ဘတ်ဂျက်နှစ်ကူး အစိုးရသစ် စတင်အသက်ဝင်တဲ့အထိ ညစ်လိမ့်မယ်။ စစ်ဗျူရိုကရက်တွေရဲ့ ကြံ့ဖွံ့ပါတီ ကြံ့ဖွံ့အစိုးရ အာဏာပြန်ရတဲ့အထိ ညစ်လိမ့်မယ်။ (၂၀၁၀ တုန်းကလည်း စစ်တပိုင်းအစိုးရ ချောချောမွေ့မွေ့ အာဏာလွှဲပြီးတယ်လို့ သူတို့ယူဆတဲ့အထိ ညစ်ခဲ့တာပဲ။)

ညစ်ဖို့ဆိုရင် လိမ်မယ် ညာမယ် ချော့မယ် ခြောက်မယ် သွေးဆောင်မယ် မက်လုံးပေးမယ် ဝယ်မယ်။ တဖက်ကလည်း ခြောက်မယ် အကျပ်ကိုင်မယ် ဖိအားပေးမယ်။ ညစ်လို့မရရင် ဘာဖြစ်မလဲ။ အာဏာတော့စွန့်မှာ မဟုတ်ဘူး။ လက်နက်အားကိုး ပတ်ကြမ်းတိုက်ပြီး စစ်တပ်က အာဏာသိမ်းမှာပဲ။ အဲဒီလိုဖြစ်လာရင် စစ်တုရင်ခုံလည်းပြောင်း ကစားကွက်လည်းပြောင်းသွားမှာ ဖြစ်တယ်။

စစ်ဗျူရိုကရက်တွေရဲ့ လူတန်းစားလက္ခဏာကိုယ်၌က လူထုကို အကြမ်းဖက်ဖိနှိပ် သတ်ဖြတ်လုယက်ပြီး ဥစ္စာခနေစုဆောင်း စည်းစိမ်ခံ အာဏာယစ်မူးနေတဲ့ လူတန်းစားဖြစ်တယ်။ သူတို့ရဲ့ အာဏာနဲ့ အဆင့်နေရာကို အထိခံလိမ့်မယ် မဟုတ်ဘူး။ ၁၉၆၂ က စလို့အာဏာသိမ်းလာတဲ့ စစ်အုပ်စုအစဉ်အဆက်ဟာ စစ်အာဏာရှင်စနစ်ပါးဝလာတာ ၅၃ နှစ် ရှိပြီ။ တရားမျှတတဲ့ ရွေးကောက်ပွဲနဲ့ ညင်ညင်သာသာ အာဏာစွန့်လိမ့်မယ်လို့ အတိုက်အခံများအနေနဲ့ ယုံစားမနေသင့်ဘူး။

စစ်အုပ်စုက ခင်းပေးတဲ့ ၂၀၀၈ အောက်က ရွေးကောက်ပွဲကွင်းမှာပဲ အညစ်ခံရရင် ဘာလုပ်မလဲ။ လစ်ဘရယ်များအနေနဲ့ ကြိုတွက်ထားတာ ပြင်ထားတာ လူထုကိုချပြထားတာ မတွေ့ရပါဘူး။ အဲဒီလိုဖြစ်လာရင်

စပွန်ဆာလုပ်ပေးထားတဲ့ ဒိုနာနိုင်ငံများကို တိုင်တည်နေလို့ကော သူတို့က ဘာလုပ်ပေးမယ်လို့များ ထင်ထားသတုန်း။ လူထုကို မျှော်လင့်ချက် အလွဲအမှားတွေ မပေးမိဖို့ လိုပါတယ်။ လူထုတိုက်ပွဲနဲ့ လုံလောက်တဲ့ဖိအား မပေးနိုင်ရင် စစ်အုပ်စုဟာ ပြောင်းလဲမှာမဟုတ်ဘူး။ ဒါ့ကြောင့် ရွေးလမ်းသစ်ပြင်ထားဖို့ လိုပါတယ်။

ဦးသိန်းစိန်အစိုးရ မျက်နှာပန်းလှဖို့နဲ့ ရွေးကောက်ပွဲမှာ မဲဆွယ်ကောင်းဖို့အတွက် နိုင်ငံလုံးဆိုင်ရာ အပစ်ရပ်စာချုပ်ကို အချိန်ကိုက် လက်မှတ်ထိုးနိုင်အောင် အရူးအမူးကြိုးစားခဲ့တယ်။ သူတို့လက်ထက်မှာ ပြည်တွင်းစစ်ရပ်စဲနိုင်ဖို့ အစပြုနိုင်ခဲ့တယ်လို့ နာမည်ကောင်းရချင်တာ ဖြစ်တယ်။

တကယ်တော့ စစ်အုပ်စုနဲ့ ပြည်တွင်းစစ်ဟာ ဒင်္ဂါးပြားရဲ့ ခေါင်းနဲ့ပန်းလို့ ပြောရင်တောင် ရပါတယ်။ သူတို့ဟာ စစ်ယူနီဖောင်းဝတ်ပြီး ပြည်တွင်းစစ်နဲ့ အဆင့်နေရာရ တွင်ကျယ်နေသူတွေ ဖြစ်တယ်။ ပြည်တွင်းစစ်တိုက်ပြီး ကိုယ့်ကိုယ်ကိုသိဒ္ဓိတင် သူရဲကောင်းဘွဲ့ ပေးနေကြသူတွေ ဖြစ်တယ်။ ပြည်တွင်းစစ်ရပ်စဲချင်ရင် စစ်ဗျူရိုကရက်အာဏာကို စွန့်ရမယ်။ အရေးသုံးပါးတို့ ဦးဆောင်မှုတို့ စည်းကမ်းပြည့်ဝသောတို့ လုပ်နေလို့ မရဘူး။ ၂၀၀၈ ကို ဖျက်သိမ်းပစ်ရပါလိမ့်မယ်။ ၂၀၀၈ အောက်က အာဏာအမွေခွဲရာမှာ တပ်ချုပ်သစ်ရဲ့ တာဝန်က ၂၀၀၈ ကို လက်နက်နဲ့ ထိမ်းသိမ်းစောင့်ရှောက်ဖို့ ဖြစ်တယ်။   ယခုလုပ်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆိုတာဟာ တပ်ချုပ်မှူ ၆ ချက်ရဲ့ နောက်ဆုံးအချက်ဖြစ်တဲ့ ၂၀၀၈ အောက်ကသွားရေး ဆိုတဲ့မူအတိုင်း လုပ်နေတာဖြစ်ကြောင်း သတိရှိဖို့လိုပါတယ်။

ဦးသိန်းစိန် အရပ်ဝတ်စစ်အစိုးရ ပထမ ၅ နှစ်သက်တမ်းအတွင်း ကောင်းမှုဆိုလို့ (နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေး၊ လူမှုဘဝဖွံ့ဖြိုးရေး) လက်ဆုပ်လက်ကိုင် ပြစရာမရှိ ကြံဖန်ကြွားလုံးထုတ် နေရတဲ့အဖြစ်မှ၊ ရွေးကောက်ပွဲအမီ ပုံရိပ်ကောင်းရရေးအတွက် ပြည်လုံးကျွတ်အပစ်ရပ်စာချုပ် လက်မှတ်ထိုးပွဲကို အုတ်အော်သောင်းတင်း ပွဲကြီးလမ်းကြီးတရပ် မင်းပွဲစိုးပွဲတရပ်အဖြစ် ပုံဖော်ကျင်းပခဲ့တယ်။ အပစ်ရပ်တဲ့အဆင့်မှာပင် စစ်အစိုးရက ဟိုအဖွဲ့မပါရ ဒီအဖွဲ့မပါရ လုပ်နေတဲ့အတွက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေ အားလုံးမပါနိုင်သေးဘူး။ အံ့သြစရာကောင်းတာကတော့ လက်မှတ်ရေးထိုးပွဲမှာ ပြည်တွင်းပြည်ပ သက်သေ အကဲခတ် လေ့လာသူ ဧည့်သည် လိုအပ်တာထက် ပိုစုံညီတဲ့ သမိုင်းဝင်အောင်ပွဲကြီး တရပ်အဖြစ် ခန်းနားသိုက်မြိုက်စွာ ကျင်းပတာဖြစ်ပါတယ်။

ရွေးကောက်ပွဲနီးလာရင် ဖြစ်တတ်တဲ့ ဘုရားထီးတင် စတုဒိသာကျွေး လမ်းဖောက်တံတားဆောက် ပစ္စည်းဝေအလှူလုပ်ဆိုတဲ့ ရွေးကောက်ပွဲ မျက်နှာရှူးရောဂါထလာတာ ဖြစ်ပါတယ်။

အဖိနှိပ်ခံ လူမျိုးပေါင်းစုံ ပြည်သူများအနေနဲ့ ၂၀၁၅ ရွေးကောက်ပွဲအလွန်ကို မျှော်ကြည့်ပြင်ဆင် ထားနိုင်ဖို့လိုပါတယ်။ ၂၀၀၅ အလွန်ကာလမှာလည်း ၂၀၀၈ ဖွဲ့စည်းပုံဥပဒေ မဖျက်သိမ်းနိုင်သေးသမျှ ဗမာပြည်သူတွေရဲ့ ဒီမိုကရေစီရေးနဲ့ နိုင်ငံရေးနဲ့ ငြိမ်းချမ်းရေးကိစ္စတို့ဟာ ဘယ်လိုနည်းနဲ့မျှ ညင်ညင်သာသာ ချောချောမွေ့မွေ့ ဖြစ်မလာနိုင်ပါဘူး။ ၂၀၀၈ ဖျက်သိမ်းရေး ဘက်စုံလူထုတိုက်ပွဲ အတွက်ပြင်ဆင်ကြရမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီ အင်အားစုများ အမျိုးသားအင်အားစုများ ပိုမိုစည်းလုံးညီညွတ်စွာ လက်တွဲတိုက်ပွဲဝင်ကြဖို့ တိုက်တွန်းနှိုးဆော် လိုက်ပါတယ်။